Press Release

U.S. Embassy Rangoon

110 University Avenue, Kamayut Township, Rangoon, Burma

ချက်ချင်းထုတ်ပြန်ရန် ဇွန် ၁၁၊ ၂၀၁၂

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန
ပြောရေးဆိုခွင့်ရှိသူရုံး

ဝန်ကြီးကလင်တန်၏ ထုတ်ပြန်ချက်

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော အကြမ်းဖက်မှုများ

မြန်မာနိုင်ငံအနောက်ပိုင်း၊ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားလျက်ရှိသော လူမျိုးရေးနှင့် ဂိုဏ်းဂဏတွဲ အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုသည် နက်ရှိုင်းစွာ စိုးရိမ်လျက်ရှိပြီး ယင်းတိုက်ခိုက်မှုအားလုံးကို ချေပ်ထိန်းကာ မဆိုင်းမတွေရပ်ဆိုင်းရန် ပါဝင်ပတ်သက်သူအားလုံးကို တိုက်တွန်းအပ်ပါသည်။ မြန်မာအစိုးရသည် ရခိုင်ပြည်နယ်အတွင်း အရေးပေါ်အခြေအနေနှင့် ညမထွက်ရအမိန့်များကို ကြေညာထားပြီးဖြစ်သော်လည်း အကြမ်းဖက်မှုများဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အာဏာပိုင်များအနေဖြင့် မူဆလင်များ၊ ဗုဒ္ဓဘာသာဝင်များနှင့် ရိုဟင်ဂျာများအပါအဝင် မျိုးနွယ်စုကိုယ်စားလှယ်များနှင့် အတူတကွ လက်တွဲကာ ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်မှုများကို ရပ်ဆိုင်းရန်၊ ငြိမ်းချမ်းရေးကိုဖော်ဆောင်မည့် တွေ့ဆုံဆွေးနွေးမှုစတင်ရန်နှင့် တရားဥပဒေစိုးမိုးရေးကို လိုက်နာကျင့်သုံးကာ ဖြစ်ပွားခဲ့သောအကြောင်းအရာများကို မြန်ဆန်ထိရောက်စွာနှင့် ပွင့်လင်းမြင်သာစွာ စုံစမ်းစစ်ဆေးရန် အခြားသော နိုင်ငံတကာအသိုင်းအဝိုင်းနှင့်အတူ မေတ္တာရပ်ခံပါသည်။

အမေရိကန်ပြည်ထောင်စုသည် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များနှင့် သမ္မတဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရတွင်းနှင့် ပြင်ပရှိ အခြားသောခေါင်းဆောင်များ၏ ဆောင်ရွက်ချက်များကို ကြိုဆိုပါသည်။ မြန်မာနိုင်ငံအတွင်း အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိစေရန် လေးလေးနက်နက် ကြိုးပမ်းရန်လိုအပ်ကြောင်းနှင့် မျိုးနွယ်စု တိုင်းရင်းသားအားလုံးနှင့် ဘာသာရေးအဖွဲ့အစည်းအားလုံးကြားတွင် အပြန်အလှန်လေးစားမှုရှိရန်လိုအပ်ကြောင်းကို ရခိုင်ပြည်နယ်အတွင်းရှိ လက်ရှိအခြေအနေက မီးမောင်းထိုးပြလျက်ရှိပါသည်။ ငြိမ်းချမ်းသာယာပြီး မတူကွဲပြားသော နိုင်ငံသားများ၏ အခွင့်အရေးများကို လေးစားသည့် ဒီမိုကရက်တစ်နိုင်ငံပေါ်ထွန်းရေးအတွက် မြန်မာပြည်သူများ အတူတကွပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။